# သခင်ယေရှု မည်သို့ပြောမည်နည်း။




ဂျော့ချ်ဖလွိုက် အားအောက်မေ့သတိရခြင်း၊ မင်နီယာပိုလစ်၊ မင်နီဆိုတားပြည်နယ်။

လူဖြူရဲအရာရှိကြောင့် သေဆုံးခဲ့ရသော ဂျော့ချ်ဖလွိုက်အမှုဖြင့်စတင်ဖြစ်ပွားလာသော ဆန္ဒပြမှု၊ အဓိကရုဏ်းများကိုကြည့်ရှုပြီး စိတ်မသက်မသာဖြစ်ရသလို၊ မေးခွန်းလည်းထုတ်နေမိသည်။ ဆောင်းပါးများ၊ လူဖြူလူမည်းတို့၏ပြောစကားများ၊ တရားဒေသနာများ၊ သတိပေးချက်များ၊ အကြံပေးမှုများ၊ အသားအရောင်ခွဲခြားမှုကိုပစ်တင်ဝေဖန်မှုများ၊ အမေရိကန်ရှိမတရားမှုများအကြောင်း ကျွန်ုပ်နေ့စဉ်ဖတ်နေမိသည်။ သမိုင်းထဲက လူမျိုးရေးခွဲခြားမှုများ၊ တရားဥပဒေအကြောင်းအရာများ၊ တရားမျှတမှုစနစ်များ အစရှိသောရုပ်ရှင်မှတ်တမ်းများကိုလည်း ကျွန်ုပ်ကြည့်ရှုနေမိသည်။

ထိုအရာများကိုကြည့်ပြီးဝမ်းနည်းရသည်ထက်. . ထိုထက်နက်နဲသော လူဖြူလူမည်းပြဿနာ၊ လူမှုရေးပြဿနာ၊ ၁၃၅နှစ်ကျော်လာသည့်တိုင် ကျွန်ပြဿနာမှာ တိုးတက်ကောင်းမွန်သည့်အခြေအနေများရှိသလို အချို့အခြေအနေများတွင်သနားစဖွယ်ကောင်းနေဆဲ၊ အာဖရိကန်-အမေရိကန်ပြဿနာများရှိနေဆဲဖြစ်သည်။ တွေးခေါ်မှုမြင့်မားသူများကတော့ ဤသို့ဖြစ်ရသော အကျိုးအကြောင်းများကို ဆွေးနွေးငြင်းခုံနေကြပါသည်။ ဤအခြေအနေတွင် ကျွန်ုပ်အနေဖြင့် မည်သို့အဓိပ္ပာယ်ရှိသော ပြောင်းလဲမှုများကိုလုပ်ပေးနိုင်မည့်အကြောင်းပို၍စိတ်ဝင်စားနေမိသည်။

လူမျိုးရေးခွဲခြားမှု ပပျောက်ရေးနှင့် တရားမျှတရေးအမှန်ပင်လိုအပ်ပါသည်။ သို့သော်ယခုချိန်တွင် ဤအခြေအနေမှ ခနတာနောက်ဆုတ်ပြီးဝိညာဉ်ရေးဘက်၌ သုံးသပ်ဖို့ရန်ဖြစ်သည်။ လူမျိုးရေးခွဲခြားမှု၊ တရားမျှတမှုများကို သေးသိပ်အောင်လုပ်ခြင်းမဟုတ်ပါ။ ဤအကြောင်းအရာများကို ပို၍ပင်ကောင်းစွာသိနားလည်ထားရန်လိုအပ်ပါသည်။ သို့သော်ခရစ်တော်၏နောက်လိုက်တစ်ယောက်အနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြမှုလိုအပ်သလို၊ သမ္မာကျမ်းရှုထောင့်မှနေ၍လည်းသိနားလည်ထားရန်လိုအပ်ပါသည်။

**ဤအချင်းအရာများနှင့်ပတ်သက်၍ သခင်ယေရှုမည်သို့ပြောမည်နည်း။**

သိုးနှင့်ဆိတ်ပုံဥပမာ



ရှင်မဿဲခရစ်ဝင်ကျမ်း အခန်းကြီး ၂၅တွင် သခင်ယေရှုက တရားစီရင်သောနေ့၌ဘုရားသားတော် သည်(ကမ္ဘာကိုအုပ်စိုးမည့်ဘုရား၏ တမန်တော်၊ မိမိကိုယ်ကိုရည်ညွှန်းလျက်) သိုး နှင့် ဆိတ်ကိုခွဲခြားမည့်အကြောင်းပြောဆိုထားသည်။ သခင်ယေရှု၏လက်ယာဘက် တွင်ရှိသော သိုးများသည်ဘုရားသခင်၏နိုင်ငံတော်ကိုအမွေခံရမည်။ သခင်ယေရှု၏လက်ဝဲဘက်တွင်ရှိသော ဆိတ်များမှာမူ ထာဝရမီး ထဲသို့မာရ်နတ်နှင့်သူ၏တမန်များနှင့်အတူဆင်းသွားရမည်ဖြစ်သည်။

ယေရှု၏ဟောပြောချက်မှာ ထိုခေတ်ကာလ လူတို့၏အာရုံကိုဖမ်းယူနိုင်ဖို့ရန်ဟောပြောသွန်သင်ခြင်းနည်းလမ်းဖြစ်သည်။ ပုံပမာပေးချက် မှာရိုးရှင်းထိရောက်သလို၊ အနောက်နိုင်ငံများရှိ ဘာသာတရားယဉ်ကျေးမှု၌တွေ့ရလေ့ရှိသော ဘုရားရှေ့ကောင်းမှုလုပ်သောသူသည် ချီးမြှင့်ခြင်းခံရမည်ဖြစ်ပြီး၊ မကောင်းမှုလုပ်သောသူမူကား အပြစ်စီရင်ခြင်းခံရမည်ဟူသော ကြောက်လှန့်စရာသွန်သင်ချက်လည်းဖြစ် သည်။

စီရင်မှု၏အခြေခံအချက်မှာ မည်သည့်အရာဖြစ်မည်နည်း။

သိုးများသို့ မင်းကြီးပြောသည်မှာ-

ထိုအခါလကျာ်တော်ဘက်၌ရှိသောသူတို့အားမင်းကြီးက ငါ့ခမည်းတော်ထံကောင်းကြီးမင်္ဂလာကိုခံသောသူတို့၊ ကမ္ဘာဦးကပင်သင်တို့ အဘို့ပြင်ဆင်သောနိုင်ငံကိုလာ၍အမွေခံကြလော့။ အကြောင်းမူကား ငါသည်မွတ်သိပ်သောအခါ သင်တို့သည်ကျွေးကြ၏။ ငါသည် ရေငတ်သောအခါသင်တို့သည်သောက်ဘို့ပေးကြ၏။ ငါသည်ဧည့်သည်ဖြစ်သောအခါ သင်တို့သည်ဧည့်သည်ဝတ်ကိုပြုကြ၏။ ငါသည် ထောင်ထဲမှာနေရသောအခါ သင်တို့သည်ငါ့ထံသို့လာကြ၏မူမိန့်တော်မူလျှင်. . မဿဲ ၂၅း၃၄-၃၆

ထိုအခါဖြောင့်မတ်သောသူတို့သည် အံ့အားသင့်လျက် သူတို့သည်ယေရှုအပေါ် ထိုသို့တစ်ကြိမ်တစ်ခါမျှမပြုဖူးခဲ့ကြောင်းမေးသောအခါ ယေရှုက-

မင်းကြီးက ငါအမှန်ဆိုသည်ကား သင်တို့သည်ဤသူတည်းဟူသောငါ့ညီတို့တွင် အငယ်ဆုံးသောသူတစ်ယောက်အားပြုကြသမျှတို့ကို ငါ့အားပြုကြပြီဟုပြန်၍မိန့်တော်မူလတ္တံ့။ မဿဲ ၂၅း၄၀

ဘုရားသခင်ကို ယေရှု၌မြင်တွေ့နိုင်သည်

ယေရှု၏ထိုသွန်သင်ချက်သည် အလွန်အရေးပါပြီး ဘုရားသခင်က ကျွန်ုပ်တို့ထံမှမည်သည်ကိုမျှော်လင့်နေကြောင်း သွန်သင်ခြင်းဖြစ် ပါသည်။ ဘုရားသခင်သည် လူသားတို့၏ဒုက္ခဆင်းရဲများကို အင်မတန်ဂရုပြုပါသည်။ ဘုရား၏အလိုတော်ကိုဆောင်သောသူများကို လည်းဘုရားဂရုပြုပါသည်။

သမ္မာကျမ်းစာသွန်သင်ချက်အရ မိမိတို့၏ကောင်းမှုများဖြင့်ကိုယ့်ကိုယ်ကို ကယ်တင်နိုင်မည်မဟုတ်ဘဲ၊ ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့်သာ ကယ်တင်ခြင်းရမည်ဖြစ်ကြောင်းကို ခရစ်ယာန်များသိထားပြီးဖြစ်သည်။ သို့သော် ရှင်မဿဲကျမ်း၏သွန်သင်ချက်အရ စစ်မှန်သောယုံကြည်သူများအနေဖြင့် ဖြောင့်မတ်စွာနေထိုင်ပြီး အခြားသူများအပေါ်မေတ္တာပြရန်လိုပါသည်။ မိမိတို့၏မိသားစုဝင်များ၊ ကိုယ်ချစ်ခင်နှစ်သက်သောသူများအပေါ်၌သာ ကောင်းခြင်းမဟုတ်ပေ။ ယေရှု၏သွန်သင်ချက်မှာ လူတိုင်းကိုချစ်ရန်ဖြစ်ပြီး၊ ရန်သူကိုပင်ချစ်ရန်ဖြစ်သည်။

ဘက်မလိုက်သောချစ်ခြင်းကို ယေရှုကိုယ်တိုင် ကျွန်ုပ်တို့အားပြသွန်ခဲ့ပါသည်။ ဥပမာအနေဖြင့် ထိုခေတ်ထိုကာလ၏ လူမှုစံနှုန်းအရ ဝေဖန်စရာ၊ အငြင်းပွားစရာဖြစ်သော ဆင်းရဲသူ၊အပယ်ခံသူတို့နှင့်အတူ ယေရှုနေထိုင်ပြခဲ့သည်။ အငယ်ဆုံးသောသူများနှင့်ပူးပေါင်းခြင်း (ဘုရား၏အမြင်တွင်အငယ်ဆုံးသောသူဟူ၍မဟုတ်၊ လူမှုအသိုင်းအဝိုင်းထဲတွင်သာ အနုံချာဆုံးဟူ၍လူများသတ်မှတ်ခြင်း)၊ (ကောက်ကျစ်စဉ်းလဲသော အာဏာပိုင်များမှလွဲ၍) လူတိုင်းကိုကြိုဆို၍ညီတူမျှတူဆက်ဆံခြင်း၊ လေးစားမှု၊ ကြင်နာမှုနှင့်ဆက်ဆံခြင်းတို့မှာ အားနည်းသောသူ၊ အငယ်ဆုံးသောသူများဘက်တွင် ယေရှုရှိကြောင်း ပြသခြင်းဖြစ်သည်။

ထို့နောက် ယေရှု ကားတိုင်ပေါ်တင်အသေသတ်ခြင်းခံခဲ့ရသည်။ မိမိတို့ကိုယ်ကိုမကာကွယ်နိုင်သောသူများအတွက် ယေရှုကရပ်တည်ပေးခြင်း၊ လူတို့၏အပြစ်များအတွက် အသေခံခြင်း၊ ဘုရား၏အလိုတော်ကိုပြည့်စုံစေခြင်းစသည်တို့ကြောင့် ယေရှုကားတိုင်ပေါ်တွင် အသက်စွန့်ခဲ့ခြင်းဖြစ်သည်။ ဘုရား၏အံ့ဖွယ်အကြံအစည်တော်အားဖြင့် ယေရှု၏အသေခံခြင်းမှာ လူတို့၏အတ္တ၊ မတရားမှုအပြစ်များကိုဆေးကြောပေး၍ ဘုရား၏ရင်သပ်ရှုမောဖွယ်ချစ်ခြင်းကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

ယေရှုအားဖြင့် ဘုရားကိုသိမြင်လာရပြီး လူမှုဝန်းကျင်၌ကောင်းမြတ်ခြင်းဆိုသည်မှာ မည်ကဲ့သို့ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ခဲ့ရသည်။ မတရားမှု၊ ခေါင်းပုံဖြတ်မှု၊ လျစ်လျူရှုခံရသူများအတွက် ဘုရားရပ်တည်ပေးသည်။ လိုအပ်ချိန်အကူအညီတောင်းခံပါကကူညီပေးသောဘုရားဖြစ်သလို ချစ်ခြင်း၊ကြင်နာခြင်း၊ သနားခြင်းဂရုဏာနှင့်ပြည့်စုံသောဘုရားလည်းဖြစ်သည်။

**အခြားသူများကိုကူညီခြင်း အားဖြင့်ယေရှုကိုတွေ့မြင်စေပါ။**



ဆယ်စုနှစ်များစွာတိုင်အောင် အကျဉ်းသားများအပေါ် နိုင်ထက်စီးနင်းခေါင်းပုံဖြတ်သော Philadelphia ရှိ Holmesburg ထောင်ကို ၁၉၉၅ခုနှစ်တွင်တရားဝင်ပိတ်သိမ်းခဲ့သည်။ ထိုထောင်၌ ကီဗင်တီ ဆိုသူနှင့်တွေ့ဆုံခဲ့သည်။ ထိုအချိန်က ကျွန်တော့်အသက် ၂၃နှစ်သာရှိသေးပြီး ပရင်စတန်ဓမ္မတက္ကသိုလ်၌ ဓမ္မပညာဆည်းပူးရင်း အကျဉ်းထောင်ဓမ္မဝန်ဆောင် (prison chaplain) အဖြစ်အချိန်ပိုင်းလုပ်ကိုင်နေခြင်းဖြစ်သည်။ ဘာကြောင့်ထိုအလုပ်လုပ်ခဲ့ရသလဲဆိုတာ စဉ်းစားမရသော်လည်း ထိုအလုပ်လုပ်ရင်းသင်ယူချင်သည်၊ ကြိုးစားကြည့်ချင်သည်၊ ဂရုပြုသည့်အလုပ်ကို အမှန်တကယ်လုပ်ဆောင်လိုခြင်းဖြစ်သည်။

ကီဗင်သည်လည်း လူငယ်တစ်ယောက်ဖြစ်သော်လည်း လူသတ်မှုဖြင့်ထောင်ဒဏ်တစ်သက် အကျဉ်းချခံရသော ကီဗင်၏အနာဂတ်မှာကျွန်ုပ်နှင့်မတူတော့ပေ။ လူသတ်သမားတစ်ယောက်ကို ထိုအချိန်မှမြင်ဖူးတော့သည်။ ဘာကိုမျှော်လင့်ရမှန်း ကျွန်တော်

မသိပေ။ ကီဗင်သည် သာမန်လူတစ်ဦးမျှသာဖြစ်သည်. . သူ၏လူသားဆန်မှုကိုကျွန်တော်မြင်တွေ့ခဲ့ရသည်။ သူ၏ရာဇဝတ်မှုရှိနေသော်လည်း ကျွန်တော်တို့နှစ်ဦးကြားရှိ ညီအစ်ကိုဆက်ဆံရေးကို ကျွန်တော်ခံစားမိသည်။

တစ်နေ့တွင် ကျွန်တော့်၏ကားအိုလေးကိုမောင်းလျက် ကီဗင်၏မိဘများရှိရာနေအိမ်ကိုကျွန်ုပ်လိုက်လံရှာဖွေတော့သည်။ ဆင်းရဲနုံချာသောမြို့နေရာတွင်တည်ရှိသောထိုအိမ်မှာလည်း အိုဟောင်းနေသောနှစ်ထပ်အိမ်ပင်ဖြစ်သည်။ ရုတ်တရက်သတိပြုမိသည်မှာ ထိုလမ်းထဲတွင်လူဖြူဟူ၍ကျွန်တော်တစ်ဦးသာရှိနေပြီး ထိုနေရာတစ်ဝိုက်တွင်လည်း အခြားလူဖြူများမရှိနိုင်ပေ။ မသေမသပ်ရေးထားသော စာရွက်ဖြတ်ပိုင်းပေါ်ကအိမ်လိပ်စာကို ပြန်ကြည့်ပြီး အိမ်လိပ်စာအမှန်ရောက်ပါစေဟူ၍ ကျွန်ုပ်ဆုတောင်းနေမိသည်။

အိမ်တံခါးပွင့်လာသောအခါ ကျွန်တော့်ကိုယ် မိတ်ဆက်လိုက်သည် ထို့နောက် အနောက်ဘက်ရှိအခန်းကျယ်ကြီးထဲသို့ ကျွန်တော့်ကိုဖိတ်ခေါ်ကြပါသည်။ ကီဗင်၏ဖခင်ဖြစ်သူ မျက်ဝန်းထဲက နက်ရှိုင်းသောဝမ်းနည်းခြင်းအကြည့်ကိုကျွန်ုပ်မမေ့နိုင်ပေ။ ကီဗင်၏ဖခင်မှာ စားပွဲတွင်ခေါင်းငိုက်စိုက်လျက်ထိုင်နေပြီး ဘေးနားတွင်အိမ်သူအိမ်သား တစ်ဒါဇင်မျှလောက်ကရှိနေပါသည်။ သူတို့အားလုံး ကျွန်တော်လာမည်ကိုမထင်ထားကြပေ။ ကျွန်ုပ်ကဲ့သို့သော လူဖြူတစ်ယောက်သူတို့ထံလာမည်ဟူ၍ သူတို့တစ်ခါမျှထင်မထားကြပေ။

အစပိုင်းတွင် ကသိကအောင့်ဖြစ်နေပြီး ကျွန်ုပ်ဘာကြောင့် ဒီကိုလာခဲ့ရသလဲဆိုတာ ကျွန်ုပ်တကယ်မသိပေ။ သူတို့ကိုဂရုပြုကြောင်း၊ သူတို့သားကို ဖြစ်နိုင်ပါကကူညီပေးချင်ယုံသက်သက်မျှသာ ကျွန်ုပ်၏စိတ်ထဲတွင်ရှိနေခဲ့သည်။ ကံကောင်းစွာပင် သူတို့က ကျွန်တော့်ကိုအမြန်ပင်ကြိုဆိုပြီး သူတို့နှင့်အတူထိုင်စကားပြောခွင့်ပေးခဲ့သည်။ အမှန်တကယ်လည်း ကျွန်တော့်ထံမှ သူတို့ဘာကိုမျှမလိုအပ်ပေ. . ယခုကဲ့သို့ လာရောက်လည်ပတ်ခြင်းသည်ပင်လုံလောက်နေသည်။



**ဝိညာဉ်ရေးဆိုင်ရာကျင့်သုံးခြင်း**

ယေရှုပြောသော သိုးနှင့်ဆိတ်ပုံပမာသည် ကျွန်ုပ်တို့အားစိန်ခေါ်မှုပေးနေပါသည်။ ဖိနှိပ်မှု၊ မတရားမှု၊ အသားအရောင်ခွဲခြားမှုများဖြင့်ပြည့်နှက်နေသော ဤကမ္ဘာမြေကြီးပေါ်တွင် ဘုရားကိုယုံကြည်သူများအနေဖြင့်မည်သို့လုပ်ဆောင်သင့်ကြောင်းပြန်လည်စဉ်းစားရမည်ဖြစ်သည်။

ပုံပြင်ထဲတွင် ယေရှုကလူမှုပြဿနာများအကြောင်းပြစ်တင်ပြောဆိုခြင်းမရှိပေ။ ဘာကြောင့်လူအချို့ဆင်းရဲနေရသည်၊ ဘာကြောင့်အချို့ကထောင်ကျနေရသည်၊ အချို့ဆာလောင်နေရသည် ဟူ၍ယေရှုမပြောထားပေ။ အကြောင်းမှာ ဤသူကတော့ကူညီထိုက်သည်၊ ဤသူကတော့မကူညီထိုက်ဟူ၍ကျွန်ုပ်တို့တွေးမည်ကို ယေရှုသိနေသောကြောင့်ဖြစ်သည်။ ယေရှုသွန်သင်သည်မှာ အခြားသူများကိုကူညီတံ့ပြန်ရာ၌ ကိုယ်ချင်းစာခြင်း၊ သနားခြင်း၊ ကြင်နာခြင်း စသည်တို့ကိုသာကြည့်ရမည်ဟူ၍ဖြစ်သည်။

လူသတ်ခဲ့သော ကီဗင်မှာထောင်ကျသင့်ပါသည်။ မျှတသောတရားစီရင်မှုလည်းဖြစ်ပါသည်။ သို့သော် ကျွန်တော်သူ့ထံသို့သွားချိန်၊ သူ့မိသားစုဝင်ထံသွားချိန်များတွင် ဘုရား၏ချစ်မေတ္တာတည်ရှိမှုကိုသာ ကျွန်ုပ်ခံစားနေမိပါသည်။ သူတို့လည်း ဘုရားသခင်၏ ထိုမေတ္တာကိုခံစားမိသည်။ အသားအရောင်မတူညီသောခံစားချက်များလည်း လွင့်ပြယ်သွားပါတော့သည်။

မိမိနှင့်မတူညီသောသူများထံသို့ စစ်မှန်သောချစ်ခြင်းမေတ္တာ၊ လေးစားမှုများဖြင့် လက်ကမ်းလိုက်ပါက ကြောက်ရွံ့မှုများကင်းစင်သွား၍ လှပသောအချင်းအရာများဖြစ်တည်လာသည်ကို ကျွန်ုပ်၏အတွေ့အကြုံများအားဖြင့်အကြိမ်ကြိမ်ခံစားခဲ့ရပါသည်။ သခင်ယေရှု၏ နာမတော်အားဖြင့် မိမိကိုယ်ကို အခြားသူထံသို့ပေးလိုက်ပါက. . ထိုအရပ်မှာယေရှုရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။